PARKVIEW
HEALTH LABORATORIES

# Hemoccult® SENSA® နှင့် Hemoccult II® SENSA® စမ်းသပ်သည့်ကဒ်ပြား

## လူနာအတွက်ညွှန်ကြားချက်များ

**သတိပြုရန်အချက်:** မှန်ကန်သည့်စစ်ဆေးမှု အဖြေရရန်အတွက် ၎င်းစစ်ဆေးမှုကိုမလုပ်ဆောင်မီ၊ လူနာအတွက် ညွှန်ကြားချက်များကိုပြည့်စုံစွာဖတ်ပါ။

**ဆေးဝါးကုသရေးဆိုင်ရာလမ်းညွှန်ချက်များ**

- မစင်နမူနာ ကောက်ယူနေစဉ်ကာလနှင့် မတိုင်မီ ၇ ရက်အတွင်း၊ စတီးရိုက်မပါသော ရောင်ရမ်းမှုသက်သာစေရန်နှင့်အကိုက်အခဲပျောက်ဆေးများဖြစ်သည့်- အိုင်ဗျူပရိုဖင်း၊ နက်ပရိုစင်း သို့မဟုတ် အက်စပရင်(အက်စပရင်အားတစ်နေ့လူကြီးတစ်ဦးစာထက်ပိုပြီး) သောက်ခြင်းမှရှောင်ကြဉ်ပါ။
- အက်စီတမီနိုဖင်း(Tylenol*) ဆေးကို လိုအပ်ပါက သောက်နိုင်သည်။
- မစင်နမူနာကောက်ယူနေစဉ်ကာလနှင့်မတိုင်မီ ၃ ရက်အတွင်း ချဉ်သောအသီးများနှင့် ဖျော်ရည်များ သောက်သုံးခြင်းနှင့်ဖြည့်စွက်စာများမှ ဗိုက်တာမင်စီ ကို တစ်နေ့ ၂၅၀ မီလီဂရမ်ထက်ပိုပြီး သောက် ခြင်းတို့မှရှောင်ကြဉ်ပါ။

**အတိုင်းအဆနှင့် ချင့်ချိန်စားရသော အစာဆိုင်ရာလမ်းညွှန်ချက်များ**

- မစင်နမူနာကောက်ယူနေစဉ်ကာလနှင့်မတိုင်မီ **၃ ရက်တွင်**၊ အနီရောင်အသားများ (အမဲသား၊ သိုးသား နှင့် အသည်း) များစားခြင်းမှ **ရှောင်ကြဉ်ပါ။**
- ကောင်းမွန်သော သင့်တင့်မျှတသည့် အာဟာရဓာတ်ပါဝင်သော အမျှင်ပါသော အစာများဖြစ်သည့် ဖွဲကြမ်းနှင့်လုပ်ထားသောကောက်ပဲသီးနှံများ၊ အသီးများနှင့် ဟင်းသီးဟင်းရွက်များကိုကောင်းကောင်းစားပါ။

## နမူနာကောက်ယူရန်ညွှန်ကြားချက်များ

•မှန်ကန်သည့်စစ်ဆေးမှု အဖြေရရန်အတွက် မှန်ချပ်ပြားတွင် ခြားနားသော ၃ ရက်စီမှ ကောက်ယူထားသော ကျင်ကြီး နမူနာများကိုအသုံးပြုသည်။

- သင်၏မစင်ထဲမှ သို့မဟုတ် ဆီးထဲမှ (ဥပမာ၊ အမျိုးသမီး လစဉ်ဓမ္မတာ၊ လိပ်ခေါင်း၊ ဆီးလမ်းကြောင်းဆိုင်ရာရော ဂါတို့ကြောင့်) သွေးများမြင်ပါက နမူနာကိုမကောက်ယူပါနှင့်။ **သင့်ဆရာဝန်အား ဆက်သွယ်ပါ။**
- အမှန်ကန်ဆုံးစစ်ဆေးမှု အဖြေရရန်အတွက်၊ မစင်နမူနာတစ်ခုခြင်းစီကို အိမ်သာခွက်နှင့် မထိမီကောက်ယူပါ။ သင်သည် သန့်ရှင်းပြီး ခြောက်သွေ့သော မည်သည့်ခွက်ကိုမဆို သုံးနိုင်သည်။
- ပထမဆုံး သင်နမူနာကောက်ယူပြီးနောက် ၁၄ ရက်ထက်မပိုဘဲ ပြည့်စုံသောမှန်ချပ်ပြားအားလုံးကို သင်၏ ဆရာဝန် ထံ သို့မဟုတ် ဓာတ်ခွဲခန်းသို့ ပြန်ပို့ပါ။
- မှန်ချပ်ပြားအား အပူ၊အလင်း နှင့် (အိုင်အိုဒင်း၊ အမိုးနီးယား၊ချွတ်ဆေး နှင့် အိမ်သုံးသန့်ရှင်းရေးပစ္စည်းများ)ကဲ့သို့ အငွေ့ပျံသော ဓာတုဆေးများနှင့် မထိတွေ့ရန်ကာကွယ်ပါ။
- အိမ်သာကန်မှ အိမ်သာခွက်ဆေးပစ္စည်းများကိုဖယ်ရှားပြီး စတင်မလုပ်ဆောင်မီ ရေကို နှစ်ကြိမ် ဆွဲချပါ။

  - စာအိတ်မှ စက္ကူအားဖယ်ရှားပြီး မှန်ချပ်ပြားကိုယူပါ။ ဘောပင်ကိုသုံးပြီး သင်၏အမည်၊ အသက်နှင့် နေရပ်လိပ်စာတို့ကိုမှန်ချပ်ပြား၏ရှေ့ဖက်တွင်ချရေးပါ။ **ခွဲထားသည့်အပိုင်းများကို မဆုတ်ဖြဲပါနှင့်။**
  - အပိုင်း ၁ တွင်နမူနာကောက်ယူသည့်နေ့စွဲကို ကျင်ကြီးမစွန့်မီဖြည့်ပါ။ အိမ်သာအား ရေဆွဲချပြီးပြန်ဖြည့်ပါ။ သင်သည် သန့်ရှင်းပြီး ခြောက်သွေ့သော မည်သည့်ခွက်ကိုမဆို နမူနာကောက်ယူရန် သုံးနိုင်သည်။ အိမ်သာရေခွက်နှင့်မထိမီ မစင်နမူနာကိုကောက်ယူပါ။ မစင်များကို ကောက်ယူမည့် ခွက်အတွင်း ကျလာ အောင်ထားပါ။
  - အပိုင်း ၁ ၏ရှေ့ပိုင်းကိုဖွင့်ပါ။ နမူနာအနည်းငယ်ကို ကောက်ယူရန်တုတ်ချောင်းကိုသုံးပါ။ ပေနေသည့်ပါးပါးကို သေတ္တာ အေ အတွင်းသို့ထည့်ပါ။ ဒုတိယကို ထိုတုတ်ချောင်းဖြင့်ပင် မစင်၏ အခြားအပိုင်းမှ ကောက်ယူ စုဆောင်းပါ။ ပေနေသည့်ပါးပါးကို သေတ္တာ ဘီ ထဲသို့ထည့်ပါ။ တုတ်ချောင်းကို စွန့်ပစ်ပစ္စည်းထည့်သည့်ခွက် မှ ဖယ်ရှားပါ။ **တုတ်ချောင်းကို ရေဖြင့်မဆွဲချပါနှင့်**
  - အပိုင်း ၁ ၏ရှေ့ပိုင်းအချပ်ကို လုံခြုံအောင်ပိတ်ပြီး၎င်းကိုကဒ်ပြားအောက်တွင် ထိုးသွင်းပါ။ မှန်ချပ် ပြားကို စက္ကူစာအိတ်ထဲတွင် နောက်နေ့ထိအောင် သိမ်းထားပါ။ **အရေးကြီးသောအချက်။ ဒါဟာ နမူနာကို "လေဖြင့်အခြောက်ခံခြင်း" ကိုခွင့်ပြုခြင်းဖြစ်သည်။**
  - စုဆောင်းသည့်ကဒ်သည် သုံးပိုင်းရှိပါက အပိုင်း ၂ နှင့် ၃ ကိုသုံးပြီး အဆင့် ၂ မှ ၄ အထိ နောက် ၂ ရက်အတွက် ဆက်လက်ဆောင်ရွက်ပါ။
  - သုံးပိုင်းခွဲပြီးစုဆောင်းသည့်ကဒ်ကိုပေးပါက ခွဲထားသည့်ကဒ်များကိုသုံးပြီး အဆင့် ၂ မှ ၄ အထိ နောက် ၂ ရက်အတွက်ဆောင်ရွက်ပါ။
  - နောက်ဆုံးအပိုင်းကို လုပ်ဆောင်ပြီးပါက အချပ်ကို လေဖြင့်ခြောက်စေရန် မည်သည့်စက္ကူစာအိတ် နှင့်မဆိုထည့်ပြီး ည ကျော်သည့်အထိသိမ်းထားပါ။

**မှတ်ချက်များ** သင်ပုံမှန်သောက်နေသော ဆေးများအကြောင်း မေးရန်မေးခွန်းများရှိလာပါက၊ ဆရာဝန် သို့မဟုတ် ဆေးဝါးကျွမ်းကျင်သူအား ကျေးဇူးပြုပြီး ပြောဆိုပါ။

*လူကြီးတစ်ဦးအတွက် ဗိုက်တာမင် စီ ၁၀၀% RDA မှာ ၆၀ မီလီဂရမ်ဖြစ်သည်။ အချို့သံဓာတ်ဖြည့်စွက်စာ များမှာ ဗိုက်တာမင်စီ ၂၅၀ မီလီဂရမ်ထပ်ပိုပါသည်။

* အကိုက်အခဲပျောက်ဆေး Tylenol သည် McNeil စားသုံးသူများထွက်ကုန်မှ မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ်ဖြစ်သည်။

2009 Beckman Coulter, Inc. November 2009 မှသတင်းအချက်အလက်များ